# လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းဖို့ အလေးထားလိုက်နာဆောင်ရွက်စို့

FGLLID

ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာသော လုပ်ငန်းခွင်တစ်ခုကိုဖန်တီးပေးခြင်းနှင့် ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းကို အလေးထားဆောင်ရွက်လေ့ရှိသော အထည်ချုပ်လုပ်ငန်းအလုပ်ရှင်များသည် ခွင့်မဲ့ပျက်ကွက်မှု နှင့် အလုပ်ထွက်ခြင်းများ လျော့ကျမှုကိုမြင်တွေ့ချင်သလို တစ်ပြိုင်နက်ထဲတွင် ကုန်ထုတ်လုပ်မှုစွမ်းအား တိုးမြင့်လာမှုကိုလည်း မြင်တွေ့လိုကြသည်။







၂ သက်ဆိုင်ရာ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာအန္တရာယ် အကဲဖြတ်ဆန်းစစ် စစ်ဆေးခြင်း။

၁ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်မတီသည် အလုပ်သမားများ ဘေးအန္တရာယ် ကင်းရှင်း၍ ကျန်းမာရေး ကောင်းမွန်စေရေး အနီးကပ် ကြီးကြပ် ဆောင်ရွက်နိုင်ရန်။




၄ သက်ဆိုင်ရာ လုပ်ငန်းအမျိုးအစား (သို့မဟုတ်) ဌာနအလိုက်စီမံခန့်ခွဲသူများ၊ အလုပ်သမားများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကော်မတီဝင် များကို ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သင်တန်းများတက်ရောက်စေရန်။



၃ ကြိုတင်ကာကွယ်ရေး အစီအမံနှင့် အရေးပေါ်အခြေအနေ ဖြစ်ပွားလာပါက ဆောင်ရွက်မည့် အစီအမံများထားရှိရန်။



၅ အသိပညာ၊ နည်းပညာနှင့် ဗဟုသုတများအတွက် လက်စွဲစာစောင်နှင့် လမ်းညွှန်ချက်များကို အလုပ်သမားများအပြင် လုပ်ငန်းခွင်နှင့် ဆက်စပ်နေသူများကိုလည်း ဖြန့်ဝေခြင်းကို သိရှိနားလည်အောင် စီမံဆောင်ရွက်ပေးရန်။



၆ အကယ်၍ အလုပ်သမားတစ်ဦးသည် လုပ်ငန်းခွင်ထိခိုက်မှုရရှိခဲ့လျှင် (သို့မဟုတ်) အသက်အန္တရာယ်နှင့် ကျန်းမာရေးကို ထိခိုက်စေနိုင်ဖွယ်ရှိသည့် အခြေအနေများကို ချက်ချင်းသတင်းပေး ဆောင်ရွက်နိုင်ရန်အတွက် စက်ရုံတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် တာဝန်ယူ စီမံမည့်သူကို ခန့်အပ်ရမည်။



၇ အန္တရာယ်များသည် ဘယ်လိုအကြောင်းမျိုးနှင့်မှ ထိန်းချုပ်လို့မရတော့သည့် အခြေအနေ ရောက်ရှိခဲ့လျှင် အလုပ်သမားများကို အဆိုပါ ကျန်ရှိနေသည့် အန္တရာယ်များကို အသိပေး အကြောင်းကြားရမည်ဖြစ်ပြီး အလုပ်သမားများသည် သင့်တော်သော တစ်ကိုယ်ရည်သုံး ကိုယ်ခန္ဓာကာကွယ်ရေးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများကို ပေးထားရမည့်အပြင် ထိုပစ္စည်းများကို မှန်ကန်စွာ အသုံးပြုနိုင်ရေးအတွက် သင်တန်းများနှင့် ရှင်းလင်းသော ညွှန်ကြားချက်များပေးရမည်။

VISION ZERO FUND

International Labour Organization 100